## တစ်ပါးသူတို့သင်၌ ယေရှုခရစ်တော်ကိုမြင်ပါစေ

ယနေ့ များစွာသောသူတို့ လမ်းပျောက်နေကြသည်။ အဖိအနှိပ်ခံနေရသည်။ အားအင်ချိနဲ့ပြီး ပင်ပန်းနွမ်းနယ်နေကြသည်။ ဆင်းရဲပြီး ညှင်းပန်းနှိပ်စက်မှုကို ခံနေရသည့်နည်းတူ စစ်မက်ဖြစ်ပွားခြင်း ရာဇဝတ်မှုခင်းများနှင့် လူလူချင်းအသုံးချမှုကို ခံနေကြရသည်။ ထိုသို့သောသူများက မည်သူမျှ မလိုချင်သောသူများ သူတို့၌များများစားစား ဘာမျှမရှိကြသည့်သူများနှင့် အရာရာ၌ သူတို့၏ လုပ်ဆောင်ရမည့် အစီအစဉ်တို့တွင် မပြောမလောက်သည့် အရေးပါမှုသာ ရှိနေကြသည့် သူများဖြစ်သည်။

တဘက်တွင်လည်းပစ္စည်းဥစ္စာအရ ချမ်းသာကြွယ်ဝပြီးအရာအားလုံးပြည့်စုံနေဟန်ပေါက်နေသော်လည်းငင်းတို့သည်မိမိတို့၏လမ်းပျောက်နေသည့်အထီးကျန်ဆန်နေသူများရှိနေကြသည်။ သူတို့သည် ပြဿနာများ၊ စိတ်ဖိစီးမှုများ၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ ထိတ်လန့်ခြင်း အစရှိသည်တို့၏ ဖိစီးခြင်းကိုခံနေရပြီး ပင်ပန်းနွမ်းနယ်လျက်ရှိသည်။ မျက်နှာပေါ်တွင် အပြုံးပန်းဆင်ထားသော်လည်း အတွင်းတွင် နာကျင်ကိုက်ခဲလျက်ရှိနေကြသည်။ သူတို့၏အနာဂတ်အတွက် စိုးရိမ်နေကြသည်။ သူတို့အနေနှင့် ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ ဝေဒနာ၊ အပြစ်၊ နာကျည်းခါးသီးမှု၊ ရှုတ်ချခြင်းနှင့် နောင်တ သံဝေဂတို့၏ ဝါးမျိုလွှမ်းမိုးမှုကိုခံနေရသည်။

ယနေ့ကမ္ဘာကြီးတွင် လမ်းပျောက်ခါ ဆောက်တည်ရာမရဖြစ်သော လူသားများစွာ ရှိနေကြသည်။ ငင်းက 'Bealtes' တေးဂီတ အဖွဲ့၏ သီချင်းတစ်ပုဒ်ထဲမှ မေးခွန်းနှင့်တူနေသည်။ "အထီးကျန်ဆန်နေတဲ့ လူတွေအားလုံး သူတို့အားလုံး ဘယ်ကလာကြတာလဲ?" ကောင်းပြီ၊ သူတို့ဘယ်အရပ်ကလာကြသည်ကို ကျွန်ုပ်ပြောပြမည်။ သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော အလင်းထံမှ တစ်ကိုယ်ကောင်းဆန်စွာ ကျောခိုင်းထွက်ခွါလာသည့် ကမ္ဘာမှဖြစ်ပြီး အမှောင်ထု၏ဝါးမျိုခြင်းကိုခံနေကြရသည်။

သူ၏ချစ်ခြင်းမေတ္တာအလင်း ထိုးဖေါက်ထွန်းလင်းရန် အလွန်လိုအပ်လျက်ရှိရာ ထိုမေတ္တာကို လူတိုင်းမြင်တွေ့နိုင်ရန် ငင်းကို မြှောက်ကိုင်ထားပါ။ ဘုရားသခင်၏ချစ်ခြင်း မေတ္တာကို လူတို့အပေါ် ထွန်းလင်းစေပါ။ ကျန်သည့်အရာအားလုံးကို ဘုရားရှင်က လုပ်ဆောင်ပေလိမ့်မည်။ သူတို့ဘဝအသက်တာများအတွင်း သူ၏ရည်ရွယ်ချက်ကို အောင်မြင်စွာရရှိဖို့ ဘုရားရှင်က ဖြစ်လာစေလိမ့်မည်။ (ယော ၁၂း၃၂) အခြားသူတို့သင်၌ သခင်ယေရှုကို မြင်ပါစေ။